ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

စာအမှတ် ၊ PPD-၀၁-၀၇/၂၀၂၄( ၃၅၄ )

ရက်စွဲ ၊ ၂၀၂၄ခုနှစ်၊ ဇွန်လ ၇ ရက်

အကြောင်းအရာ။ ရေကြီးနစ်မြုပ်ဖြစ်ပြီး နောက်ဆက်တွဲကျရောက်နိုင်သော ဖျက်ပိုးများအား ကြိုတင်ကာကွယ်နိုင်ရန် သတိပေးချက်ထုတ်ပြန်ခြင်း

၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရေကြီးနစ်မြုပ်ခံရသော သီးနှံစိုက်ခင်းများ၌ ဖျက်ပိုးများ အချိန် မရွေး ကျရောက်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ မိမိတို့၏ ပြည်နယ်/ တိုင်းဒေသကြီးများအတွင်း ရေကြီးနစ်မြုပ်ခံရသော သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်ခြင်းကြောင့် ပျက်ဆီးဆုံးရှုံးမှုမရှိစေရန် ကြိုတင်ဆောင်ရွက် ရမည့် ဖျက်ပိုးကာကွယ်နှိမ်နင်းရေးနည်းလမ်းများအား လုပ်ဆောင်နိုင်ရန် သတိပေးချက်ပေးပို့ခြင်း နှင့် ထူးခြားဖြစ်စဉ် ဖြစ်ပေါ်မှုများရှိပါက သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)သို့ ချက်ချင်းသတင်းပို့ရန် အကြောင်းကြားပါသည်။

7.6.2024

ဇော်လင်း
ညွှန်ကြားရေးမှူး

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး(.....................)
စိုက်ပျိုးရေးဦးစီးဌာန

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန
ဒု-ညွှန်ကြားရေးမှူးချုပ်(နည်းပညာ/တိုင်းဒေသကြီး/ပြည်နယ်)၊စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ

## ရေကြီးနစ်မြုပ်ဖြစ်ပြီးနောက်ဆက်တွဲကျရောက်နိုင်သည့်အင်းဆက်ဖျက်ပိုးများ

ရေကြီးနစ်မြုပ်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများမှာ ဖျက်ပိုးများကျရောက်တတ်ခြင်းဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ သီးနှံများဖျက်ပိုးများကြောင့် ဆုံးရှုံးခြင်းမဖြစ်စေရန် ကာကွယ်နှိမ်နင်း နည်း များ အား လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ ရေကြီးနစ်မြုပ်ခြင်းကြောင့် ကျရောက် နိုင်သည့်အင်းဆက်ဖျက်ပိုးများမှာ စပါးဖြုတ်ညိုပိုး၊ စပါးဖြုတ်ကျောဖြူပိုး၊ ငမြောင်တောင်ပိုး၊ ယင်ဖြူနှင့်လေ့ပိုးတို့ဖြစ်သည်။

## ဖြုတ်ပိုး (ဖြုတ်ညိုပိုး၊ ဖြုတ်ကျောဖြူပိုး) ကာကွယ်နှိမ်နင်းနည်းလမ်းများ

(၁) စိုက်ခင်းဘေးပတ်လည်တွင်မီးထောင်ချောက်များတစ်ကွင်းတစပ်တည်း ထွန်းပါ။

(၂) စိုက်ခင်းပတ်ဝန်းကျင်တွင် ပေါင်းမြက်များနှင့်လမိုင်းများရှင်းလင်းပါ။

(၃) ရေသွင်းရေထုတ် ပြုလုပ်နိုင်သောစိုက်ခင်းများတွင် (၃) ရက်ခန့် ရေထုတ်ပါ။

(၄) လေလမ်းကြောင်းခွဲပါ။

(၅)ပိုတတ်ရှ်ဓါတ်မြေသြဇာတစ်ကေလျှင်(၁/၄)အိတ်ထည့်ပေးပါ။

(၆)ပင်လုံးပြန့်ပိုးသတ်ဆေးများအားအပင်ခြေရောက်အောင်နှံ့နှံ့စပ်စပ် ပက်ဖျန်းပါ။

- ဒိုင်နိုတီဖျူရန် (Dinotefuran)
- ဒိုင်မီသိုရိတ် (Dimethoate)
- ဖီနိုဗျူကတ် (Fenobucarb)
- သိုင်ရာမီသိုဇမ် (Thiamethoxam)
- အီသီပရိုး (Ethiprole)
- နိုင်တန်ပိုင်ရန် + ပိုင်မီထရိုဇင်း (Nitenpyram + Pymetrozine)

**မှတ်ချက်။ ။ ကလိုပိုင်ရီဖော့စ် (Chlorpyrifos) ပိုးသတ်ဆေးသည် တားမြစ်ပိုးသတ် ဆေးဖြစ်ခြင်း နှင့် Resurgenceဖျက်ပိုး ဦးရေ) ပိုမိုပွား များစေခြင်း( တို့ကြောင့် လုံးဝအသုံးမပြုပါနှင့်။**

## ငမြောင်တောင်ပိုးကာကွယ်နှိမ်နင်းနည်းလမ်းများ

(၁) စိုက်ခင်းဘေးပတ်လည်တွင် မီးထောင်ချောက်များ တစ်ကွင်းတစပ် တည်းထွန်းပါ။

(၂)လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၃) စိုက်ခင်းတစ်ကွက်မှ တစ်ကွက်မကူးနိုင်ရန် (၁-၂)ပေခန့် အကျယ် မြောင်းများတူး ၍ မြောင်း အတွင်း ကျနေသော ပိုးလောက်ကောင်များ ရှာဖွေဖျက်ဆီး ပါ။

(၄)စိုက်ခင်းပတ်လည်တွင်ငှက်နားနေတိုင်များထောင်ပါ။

(၅) ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးများအား ညနေပိုင်းတွင်ပက်ဖျန်းပါ။

- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)
- ကလိုရန်ထရန်နီလီပရိုး (Chlorantraniliprole)
- အီမာမက်တင်ဘန်ဇိုရိတ်+လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin + Emamectin Benzoate)

## ယင်ဖြူပိုးကာကွယ်နှိမ်နင်းနည်းလမ်းများ

ယင်ဖြူကျရောက်ခြင်းမှတစ်ဆင့် အဝါရောင်မိုစေ့ ရောဂါကူးစက်ပျံ့နှံ့နိုင်သဖြင့် ပိုးမမည်ဘဝမှ စတင်၍ ကာကွယ်နှိမ်နင်းပါ။

(၁) လက်ခံပင်များဖြစ်သော ပေါင်းမြက်နှင့် ပဲမျိုးရင်းဝင်အပင်များအား ဖယ်ရှားရှင်းလင်းပါ။

(၂) ပင်ကြွင်းပင်ကျန် အမှိုက်များကို မီးရှို့ဖျက်ဆီးပါ။

(၃) သီးလှည့်စိုက်ပါ။ (ပဲသီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်ခြင်းအား ရှောင်ကြဉ်ပါ)

(၄) အဝါရောင်ပိုးဖမ်းထောင်ချောက်အားတစ်ကေလျှင်(၃-၅)ခု အသုံးပြု ဖမ်းယူပါ။

(၅)ယင်ဖြူမှထုတ်သောဖယောင်းလွှာများအားအရည်ပျော်စေရန်ဆပ်ပြာဖျော်ရည်အားအရွက်အောက် မျက်နှာပြင်ရောက်အောင်ပက်ဖျန်းပါ။

(၆) မျိုးစေအားအင်မီဒါကလိုပရစ်/သိုင်ရာမီသိုဇမ် (Imidacloprid 600FS, Imidacloprid 70SS / Thiamethoxam 35FS) ဆေးဖြင့်ပိုးသတ်ဆေးဘူး/အိတ်ပါ အညွှန်း အတိုင်းလူးနယ်စိုက်ပျိုးပါ။

(၇) ပင်လုံးပြန့်အာနိသင်ရှိသောပိုးသတ်ဆေး တစ်မျိုးမျိုးကို ဆေးဘူးပါ အညွှန်းအတိုင်း အရွက်အောက်မျက်နှာ ပြင် ရောက်အောင်နှံ့နှံ့ စပ်စပ်အလှည့်ကျပက်ဖျန်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- အက်စီတာမီပရစ် (Acetamiprid)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတက်ထရာမက်(Spirotetramat)
- စပီရိုမက်စီဖန် (Spiromesifen)

## လေးပိုးကာကွယ်နှိမ်နင်းနည်းလမ်းများ

(၁)အပြာရောင်ပိုးဖမ်းထောင်ချောက်ဖြင့်အကောင်ကြီးများအားဖမ်းယူပါ။(တစ်ကေလျှင်၃ခုအသုံးပြုပါ)

(၂)ပိုတတ်ရှ်ဓါတ်မြေသြဇာတစ်ကေလျှင်(၁/၄)အိတ်ထည့်ပေးပါ။

(၃)စိုက်ခင်းပတ်လည်ရှိပေါင်းမြက်များအားရှင်းလင်းပါ။

(၄)အောက်ဖော်ပြပါပင်လုံးပြန့်ပိုးသတ်ဆေးများအား ဆေး ညွှန်း အတိုင်း နှံ့နှံ့ စပ်စပ် အလှည့်ကျပက်ဖျန်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)၊
- အက်စီတာမီပရစ် (Acetamiprid)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတက်ထရာမက်(Spirotetramat)
- ကလိုဖီနပြာ (Chlofenapyr)